ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၀)　　　၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ။ | ၂-၃ |
| ၂။ | SIM Card များကို စနစ်တကျ မှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျ ပြန်လည်မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း။ | ၄ |
| ၃။ | မူးယစ်ဆေးဝါးဆိုင်ရာ ရာဇဝတ်မှုများ တိုက်ဖျက်ရေးတွင် ပြင်းထန်သည့် အရေးယူဆောင်ရွက်ချက်များ အသုံးပြုခြင်းကို ရပ်တန့်ရန် ကုလသမဂ္ဂက တောင်းဆိုခြင်း။ | ၅-၆ |
| ၄။ | အမေရိကန်နိုင်ငံ၏ဖက်ဒရယ်ကုန်သွယ်မှုကော်မရှင်(Federal Trade Commission) က အမေဇုန်ဝက်ဆိုဒ် (Amazon.com(AMZN.O))အား ယှဉ်ပြိုင်မှုဥပဒေအရ တရားစွဲဆိုခြင်း။ | ၇-၈ |
| ၅။ | ထိုင်းနိုင်ငံရင်းနှီးမြုပ်နှံမှုမြှင့်တင်ရေးမဟာဗျူဟာ (၂၀၂၃-၂၀၂၈) တွင် ခွင့်ပြုထားသည့် ရင်းနှီးမြုပ်နှံမှုဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များ။ | ၉-၁၀ |
| ၆။ | “ကျားဖြန့်” ကြောင့် ဘဝရှေ့ရေးနစ်မွန်း၍ သားကောင်ဖြစ်သွားရသည့် အနာဂတ်ရှာ လူငယ်များဘဝ။ | ၁၁-၁၄ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာများအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီပြင်ဆင်ဖွဲ့စည်းခြင်းအမိန့် ၁ ခု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ ၁ ခု၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများဖြေရှင်း ဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်း (Standard Operating Procedure – SOP) ရေးဆွဲပြုစုရေး ပြည်ထောင်စုအဆင့်လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့်နောင်ထပ်မံမဖြစ်ပွားစေရေးအတွက်ဆောင်ရွက်မည့်နည်းလမ်းများလုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure – SOP) ရေးဆွဲပြုစုရေး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများကို မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်နိုင်ရေးအတွက် စိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ကုန်စည်အမျိုးအစားများနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်းအမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၁၂-၉-၂၀၂၃ ရက်နေ့တွင် ဥပဒေအမှတ် ၅၅/၂၀၂၃ ဖြင့် ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

ယင်းဥပဒေသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်ဟု ပုဒ်မ ၂ တွင် ပြဋ္ဌာန်းထားပါသည်။

အဆိုပါပြင်ဆင်သည့်ဥပဒေတွင် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၂၂ ကို ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး ဝင်ငွေခွန်ဥပဒေပုဒ်မ ၆နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ခြင်းမပြုဘဲ ဝင်ငွေခွန်ဥပဒေပုဒ်မ ၈ ၊ ပုဒ်မခွဲ (က) ပါ ဝင်ငွေခေါင်းစဉ်များအနက် လစာမှအပ ပြည်ပနေ နိုင်ငံသားများ၏ နိုင်ငံခြားငွေနှင့် ပြည်ပမှရရှိသည့် စုစုပေါင်းဝင်ငွေအပေါ်ရရှိသည့် နိုင်ငံခြားငွေအမျိုးအစား နှင့် တစ်ဆယ်ရာခိုင်နှုန်းကို ဝင်ငွေခွန်စည်းကြပ်ရမည်ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၁ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄) ကိုပယ်ဖျက်ပြီး ပယ်ဖျက်ခဲ့သည့် ယခင်ပြဋ္ဌာန်းချက်မှာ ပြည်ပနေနိုင်ငံသားများ၏နိုင်ငံခြားငွေဖြင့်ရရှိသည့်လစာငွေကို ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်ဆိုသောအချက်ဖြစ်ပါသည်။ ပြည်ပနေနိုင်ငံသား၏ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်း လစာဝင်ငွေ အပေါ် ပုဒ်မ ၂၂ ပုဒ်မခွဲ(ခ) ပုဒ်မ ခွဲငယ် (၁) နှင့် (၂)ပါနည်းလမ်း ၂ ရပ်အနက် နည်းရာကျသင့်အခွန်ကိုရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်ဟု ဖော်ပြထားသည်ကိုတွေ့ရသည်။ ပုဒ်မ ၂၂၊ ပုဒ်မ ၃၁(က)(၄) ပြင်ဆင်ချက်များအရ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်ပြီး ပြည်ပရောက်မြန်မာလုပ်သားများ၏ လစာအပေါ် ဝင်ငွေခွန်ပေးရမည်ဖြစ်ပါသည်။ သို့ရာတွင် ယင်းပြင်ဆင်သည့်ဥပဒေပုဒ်မ ၂ ပါ ပြဋ္ဌာန်းချက်အရ ပေးဆောင်ရမည့်ကာလသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိသာ ဖြစ်သည်ကို တွေ့ရှိပါသည်။

e- Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၀) ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

## SIM Card များကို စနစ်တကျမှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျ ပြန်လည်မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၂၃ ဖြင့် SIM Card များကိုစနစ်တကျမှတ်ပုံတင်ရောင်းချခြင်းနှင့်လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ယင်းအမိန့်ကြော်ငြာစာထုတ်ပြန်ချက်အရ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများနှင့် တရားဝင်စာချုပ်ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင် (Points of Sales) များသည် Customer Registration ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ပြီးမှသာ ရောင်းချရမည်ဖြစ်ကြောင်း၊ ထိုသို့ရောင်းချမှုတွင် အသစ်ထုတ်ဝေရောင်းချမည့် SIM Card ဖြစ်စေ၊ လက်ရှိဖြန့်ဝေထားသည့် SIM Card ဖြစ်စေ အကျုံးဝင်စေရမည်ဖြစ်ကြောင်း၊ မည်သူမဆို မှတ်ပုံတင်ထားခြင်းမရှိသည့် သို့မဟုတ် လိမ်လည်၍ မှတ်ပုံတင်ထားသည့် သို့မဟုတ် Customer Registration ညွှန်ကြားချက်နှင့် အညီ မှတ်ပုံတင်ထားခြင်း မရှိသည့် SIM Card များကို ရောင်းချခြင်းမပြုရကြောင်း၊ မည်သူမဆို Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားသည့် SIM Card ကို တစ်ဆင့် လွှဲပြောင်းရာတွင် ရယူအသုံးပြုသူ၏ အချက်အလက်အမှန်ဖြင့် Customer Registration ညွှန်ကြားချက်များနှင့်အညီ ပြန်လည်မှတ်ပုံတင်ရမည်ဖြစ်ကြောင်းနှင့် ယင်းသတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက ဆက်သွယ်ရေးဥပဒေပုဒ်မ ၇၂ အရ အရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ

ဥပဒေမူကြမ်းစိစစ်ရေးဌာနခွဲ

ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## မူးယစ်ဆေးဝါးမှုခင်းများ တိုက်ဖျက်ရေးတွင် ပြင်းထန်သည့် အရေးယူဆောင်ရွက်ချက်များ အသုံးပြုခြင်းကို ရပ်တန့်ရန် ကုလသမဂ္ဂက တောင်းဆိုခြင်း

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (The Office of High Commissioner of Human Rights) မှ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုတိုက်ဖျက်ရေးတွင် နိုင်ငံများ ရင်ဆိုင်နေရသည့် ပြဿနာများနှင့်စပ်လျဉ်းသည့် အသေးစိတ်အစီရင်ခံစာ တစ်စောင်ကို ၂၀ - ၉ - ၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

မူးယစ်ဆေးဝါးပြဿနာသည် အရေးကြီးသော်လည်း မူးယစ်ဆေးဝါးသုံးစွဲသူများကို ရာဇဝတ်ကောင်များအဖြစ် သတ်မှတ်ခြင်းသည် မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ထိခိုက်နစ်နာစေခြင်းကို တိုက်ဖျက်ရန် ထိရောက်သော ဗျူဟာတစ်ခုမဟုတ်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။ မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သော ပြဿနာများအတွက် အကူအညီတောင်းခံရာတွင် လူများစွာကြုံတွေ့နေရသည့်အခြေအနေများကိုလည်း အစီရင်ခံစာတွင် သုံးသပ်ထားသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အခြားလူ့အခွင့်အရေးများသည် ပြည်သူများ၏ဘေးကင်းလုံခြုံမှုနှင့်ဟန်ချက်ညီရန်လိုအပ်သောကြောင့် အခက်အခဲများရှိကြောင်း အစီရင်ခံစာတွင်ဖော်ပြထားပါသည်။

မူးယစ်ဆေးဝါးဆိုင်ရာမှုခင်းများကို တိုက်ဖျက်ရာတွင် ပြင်းထန်သောအရေးယူဆောင်ရွက်ချက်များကိုအသုံးပြုခြင်းသည် နိုင်ငံများအတွက်အခက်အခဲများ ကြုံတွေ့စေနိုင်သည့် အလားအလာရှိသောအခြေအနေတစ်ရပ်ဖြစ်ကြောင်း မဟာမင်းကြီး Volker Turk က ပြောကြားခဲ့ပါသည်။ အစီရင်ခံစာသည် "မူးယစ်ဆေးဝါးတိုက်ဖျက်ချေမှုန်းရေး"တွင် အခြားနည်းလမ်းများကို အသုံးပြုရေးအတွက်စဉ်းစားရန် နိုင်ငံများအား တောင်းဆိုထားသည်။ ၎င်းတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာလိုအပ်သည့်အထောက်အပံ့များ အများအပြားရရှိစေရေး သို့မဟုတ် ပြစ်ဒဏ်ကျခံနေစဉ်အတွင်း ပြန်လည်ထူထောင်ရေးအစီအစဉ်များအပါအဝင် ရာဇဝတ်သားကဲ့သို့ဆက်ဆံခြင်းကို ရပ်စဲခြင်းစသည့် နည်းလမ်းများပါဝင်သည်။ အထူးသဖြင့် မကြာသေးမီနှစ်များအတွင်း မူးယစ်ဆေးဝါးနှင့်စပ်လျဉ်းသည့်

လုပ်ရိုးလုပ်စဉ်နည်းလမ်းများစွာသည် ထိရောက်မှုမရှိကြောင်း တွေ့ရှိခဲ့ရပြီး "ဥပဒေများ၊ မူဝါဒများနှင့် အရေးယူဆောင်ရွက်မှုများ"သည် မူးယစ်ဆေးဝါးကြောင့်ဖြစ်ပွားသည့် ထိခိုက်နစ်နာမှုများကို လျှော့ချရာတွင် ထိရောက်မှုရှိစေရေးအတွက် ပြင်ဆင်ပြောင်းလဲရန်လိုအပ်ကြောင်း မဟာမင်းကြီး Volker Turk က ပြောကြားခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာတွင် ရာဇဝတ်သားကဲ့သို့ ဆက်ဆံခြင်းကို ရပ်စဲသည့်နည်းလမ်းများသည် ရလဒ်ကောင်းများရရှိနေသောကြောင့် နိုင်ငံများ ယခင်ကထက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံများအနေဖြင့် ရာဇဝတ်သားကဲ့သို့ဆက်ဆံခြင်းကို ရပ်စဲခြင်းအား ကြိုတင်၍ ပြင်ဆင်ဆောင်ရွက်သင့်ပါကြောင်း ဖော်ပြထားပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် - https://www.jurist.org/news/2023/09/un-calls-for-an-end-to-the-sole-use-of-punitive-measures-when-combating-drug-crime/

## အမေရိကန်နိုင်ငံ၏ ဖက်ဒရယ်ကုန်သွယ်မှုကော်မရှင် (Federal Trade Commission) က အမေဇုန်ဝက်ဆိုဒ် (Amazon.com (AMZN.O) )အား ယှဉ်ပြိုင်မှုဥပဒေအရ တရားစွဲဆိုခြင်း

၂၀၂၃ခုနှစ်စက်တင်ဘာလ ၂၆ရက်နေ့က အမေရိကန်နိုင်ငံ၏ဖက်ဒရယ်ကုန်သွယ်မှုကော်မရှင် (Federal Trade Commission) အနေဖြင့် Amazon.com (AMZN.O) အား ယှဉ်ပြိုင်မှုဥပဒေအရ တရားစွဲဆိုဆောင်ရွက်(antitrust lawsuit )ခဲ့ကြောင်း သိရှိရသည်။ အဆိုပါ တရားစွဲဆိုမှုကို ပြည်နယ် ၇ ခုမှ ရှေ့နေ ၁၇ ဦး က ၄ နှစ်ကြာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးနောက် ပူးပေါင်းစွဲဆိုခဲ့ကြခြင်း ဖြစ်သည်။

Federal Trade Commission က ၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော အမေဇုန် ဝက်ဆိုဒ်သည် အခြားဝက်ဆိုဒ်များတွင်ရောင်းချသော ဈေးနှုန်းထက် ပိုပြီးသက်သာသောဈေးနှုန်းဖြင့် ပစ္စည်းများကို ၎င်း၏အွန်လိုင်းဈေးကွက်တွင် ရောင်းချသူများက ရောင်းချစေရန်ဖိအားပေးခဲ့ကြောင်း၊ အမေဇုန်မှပိုင်ဆိုင်သော ဂိုဒေါင်များနှင့် ၎င်း၏ ပစ္စည်းပို့ဆောင်ရေးလုပ်ငန်းများကို သုံးစွဲရန် ဖိအားပေး ကြောင်းနှင့် ရောင်းချသူနှင့်သုံးစွဲသူတို့အား ငွေကြေးပိုမိုကုန်ကျစေရန် ဖန်တီးကြောင်း စွပ်စွဲထား သည်ကို တွေ့ရှိရသည်။

Federal Trade Commission၏အဆိုအရ အမေဇုန်အနေဖြင့် ၎င်း၏လုပ်ပိုင်ခွင့်ကိုလက်ဝါးကြီး အုပ်၍ အလွဲသုံးစားပြုခဲ့ကြောင်း နှင့် ၎င်း၏ဝက်ဆိုဒ်တွင်ပစ္စည်းရောင်းချသူအနေဖြင့်လည်း ၎င်းတို့ အနေဖြင့် တစ်ခြားနေရာများတွင် သွားရောက် ရောင်းချရန်မရှိသည်ကို သိရှိ၍ အမေဇုန်အနေဖြင့် ထိုသို့ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ပြောဆိုခဲ့ကြောင်း သိရှိရသည်။

ယခုတရားစွဲဆိုမှုသည် အမေဇုန်ဝက်ဆိုဒ်နှင့်စပ်လျဉ်း၍ နှစ်ပေါင်းများစွာ တိုင်တန်းမှုများ ဖြစ်ပေါ်ပြီးနောက် ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ အမေဇုန်ဝက်ဆိုဒ်အပါအဝင် ကြီးမားသည့် နည်းပညာကိုပိုင်ဆိုင်သောကုမ္ပဏီများသည် ဆိုရှယ်မီဒီယာနှင့် အွန်လိုင်းပေါ်တွင် လက်လီပစ္စည်းများ ဝယ်ယူရန်ရှာဖွေခြင်းနှင့်စပ်လျဉ်း၍ အကျိုးအမြတ်အများဆုံးရနိုင်ရေးအတွက် အင်တာနက်ကို ဝင်ရောက်နိုင်သည့် ဂိတ်ဝင်ပေါက်ကို လွှမ်းမိုးပြီး အလွဲသုံးစားပြုနေကြကြောင်း ဖော်ပြထားသည်။

Federal Trade Commission အနေဖြင့် မျှတသောယှဉ်ပြိုင်မှုကိုထိန်းသိမ်းနိုင်ရန် လိုအပ်သောပဏာမ သို့မဟုတ် အမြဲတမ်းမျှတမှုရှိသော သက်သာခွင့်တစ်ရပ်ရပ်ကို ချမှတ်ပေးနိုင်ရေး ထည့်သွင်းစဉ်းစားပေးနိုင်ရန်အတွက် တရားရုံးသို့ တောင်းဆိုထားကြောင်း ဖော်ပြထားသည်။

အမေဇုန်ဝက်ဆိုဒ်အနေဖြင့်လည်း Federal Trade Commission အနေဖြင့် ထိုသို့စွပ်စွဲ၍ တရားစွဲဆိုခြင်းသည် မှားယွင်းကြောင်းနှင့် စားသုံးသူများအတွက် ဈေးနှုန်းများပိုမိုကြီးမြင့်မှုနှင့် ပစ္စည်းပို့ဆောင်ရာတွင် နှောင့်နှေးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်းပြောကြားထားသည်ကို သိရှိရသည်။

ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးမဟာဗျူဟာ (၂၀၂၃-၂၀၂၈) တွင် ခွင့်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့သည် ၂၀၂၃ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ ၅ နှစ်တာ ကာလအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမဟာဗျူဟာအသစ်ကို အတည်ပြုခဲ့ကြောင်း ကြေညာခဲ့သည်။ အဆိုပါမဟာဗျူဟာသည် ထိုင်းနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးမှုနှင့်ယှဉ်ပြိုင်နိုင်မှုတို့အတွက် မဟာဗျူဟာဖြစ်သော စက်မှုလုပ်ငန်းများနှင့်ကဏ္ဍများကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်ကြောင်းသိရှိရသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးကို ထူထောင်ရန်အတွက် ရင်းနှီးမြှုပ်နှံကဏ္ဍကိုမြှင့်တင်ရာတွင် အဆိုပါမဟာဗျူဟာအရ ဆန်းသစ်တီထွင်မှု၊ နည်းပညာနှင့်ဖန်တီးနိုင်စွမ်းရှိသော စီးပွားရေးလုပ်ငန်းများ၊ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပြောင်းလဲလာမှုများအပေါ်မြန်ဆန်စွာ လိုက်လျောညီထွေဖြစ်စေနိုင်စွမ်းရှိသော စီးပွားရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေများကို အလေးထားသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်စေရမည်ဆိုသည့် အဓိကမျှော်မှန်းချက် ၃ ရပ် ထားရှိပါသည်။

အဆိုပါ မဟာဗျူဟာတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများနှင့်သတ်မှတ်ချက်များ၊ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းဥပဒေအရ မက်လုံးပေးခြင်းများ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းတွင် အကျုံးဝင်သောလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့သို့ လျှောက်ထားရမည့်လုပ်ထုံးလုပ်နည်းများ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ပြီးနောက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဖော်ပြထားပါသည်။ မဟာဗျူဟာပါ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းအက်ဥပဒေအရ မက်လုံးပေးခြင်းတွင် အခွန်နှင့်စပ်လျဉ်း၍ မက်လုံးပေးခြင်းနှင့် အခွန်နှင့်စပ်လျဉ်းခြင်းမရှိသည့် မက်လုံးပေးခြင်းဟူ၍ ၂ မျိုး ရှိပါသည်။

အခွန်နှင့်စပ်လျဉ်း၍မက်လုံးပေးခြင်းများမှာ စက်ပစ္စည်းများတင်သွင်းခြင်းအပေါ် သွင်းကုန်ခွန် လျှော့ပေါ့ခြင်း သို့မဟုတ် ကင်းလွတ်ခွင့်ပြုခြင်း၊ ကုန်ကြမ်းများနှင့် အခြေခံလူသုံးကုန်ပစ္စည်းများတင်သွင်းခြင်းအပေါ် သွင်းကုန်ခွန် လျှော့ပေါ့ခြင်း ၊ သုတေသနပြုခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် တင်သွင်းသော ကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန် ကင်းလွတ်ခွင့်ပြုခြင်း၊

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်သော လုပ်ငန်းများမှရရှိသော အသားတင်အမြတ် နှင့် အမြတ်ဝေစုများအပေါ် ကော်ပိုရိတ်ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်သောလုပ်ငန်းများကို လုပ်ကိုင်နေသူများအပေါ် ကော်ပိုရိတ်ဝင်ငွေခွန်တွက်ချက်ရာတွင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် ရေပေးဝေရေးစရိတ်တို့အတွက် ကုန်ကျစရိတ်၏နှစ်ဆကို နုတ်ယူခွင့်ပြုခြင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်သော လုပ်ငန်းများတွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းအတွက် အသုံးပြုထားသည့် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းထက်မပိုသောပမာဏကို အသားတင်အမြတ်များမှ နုတ်ယူခွင့်ပြုခြင်း၊ ကုန်ပစ္စည်းများတင်ပို့ရန် ထုတ်လုပ်မှုလုပ်ငန်းတွင်အသုံးပြုသည့် ကုန်ကြမ်းတင်သွင်းခြင်းအပေါ် သွင်းကုန်ခွန်ကင်းလွတ်ခွင့်ပေးခြင်းတို့ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို လေ့လာရန်အတွက် နိုင်ငံခြားသားများကို နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုခြင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်သောလုပ်ငန်းများတွင် လုပ်ကိုင်ရန်ကျွမ်းကျင်သော အလုပ်သမားများနှင့်ပညာရှင်များကို နိုင်ငံအတွင်းသို့ခေါ်ဆောင်ခွင့်ပြုခြင်း၊ မြေပိုင်ဆိုင်ခွင့်ပြုခြင်း၊ နိုင်ငံခြားငွေဖြင့် နိုင်ငံခြားငွေထုတ်ယူခြင်း သို့မဟုတ် ငွေလွှဲခြင်းအားခွင့်ပြုခြင်းတို့မှာ အခွန်နှင့် စပ်လျဉ်းခြင်းမရှိသည့်မက်လုံးပေးခြင်းအနေဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းဥပဒေအရ ခွင့်ပြုထားခြင်းဖြစ်ပါသည်။

သို့ပါ၍ ထိုင်းနိုင်ငံ၏ ၂၀၂၃ခုနှစ်မှ၂၀၂၇ခုနှစ်အထိ၅နှစ်တာကာလအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမဟာဗျူဟာသစ်သည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းဥပဒေနှင့်အညီ သက်သာခွင့်၊ ကင်းလွတ်ခွင့်တို့ကိုခွင့်ပြုထားပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောရေးအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးထားကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကျမ်းကိုးစာရင်း

- INVESTMENT PROMOTION GUIDE 2023 of Thiland Board of Investment
- INVESTMENT PROMOTION ACT

## "ကျားဖြန့်" ကြောင့် ဘဝရှေ့ရေး နစ်မွန်း၍ သားကောင်ဖြစ်သွားရသည့် အနာဂတ်ရှာ လူငယ်များ ဘဝ

ကျားဖြန့် ဆိုသည်မှာ တရုတ်ဘာသာစကားဖြစ်ပြီး မြန်မာလိုအားဖြင့် Online မှ ဂိုဏ်းအုပ်စုဖွဲ့၍ ငွေလိမ်လည်သည့် လုပ်ငန်းတစ်ခု ဖြစ်သည်။ အဆိုပါလုပ်ငန်းကို ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လားရှိုး၊ မူဆယ်၊ လောက်ကိုင်၊ မိုင်းပေါက် အစရှိသည့် နယ်စပ်မြို့များတွင် လည်းကောင်း၊ ကရင်ပြည်နယ်၊ မြဝတီမြို့နှင့် ရွှေကုက္ကိုမြို့သစ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့များတွင်လည်းကောင်း တရုတ်လူမျိုးများမှဦးဆောင်၍ ဂိုဏ်းအဖွဲ့ဖြင့် လုပ်ကိုင်ကြခြင်းဖြစ်သည်။ Social Media တွင် အလုပ်အကိုင်ရှာဖွေရေး၊ Online ဂိမ်းလုပ်ငန်းများ၊ Customer Services ၊ Online Marketing နှင့် Hotel Casino ဝိုင်းများတွင် ရုံးဝန်ထမ်းအလုပ် လုပ်ကိုင်ရမည် ဖြစ်ကြောင်း၊ လစာအနေဖြင့် မြန်မာငွေကျပ် ၁၀ သိန်း မှ ၁၅ သိန်းကြားရမည်ဖြစ်ကြောင်း ကြော်ငြာ၍ အလုပ်များခေါ်ကာ အလုပ်အတွက် လိုအပ်သောအရည်အချင်းများအဖြစ် ကွန်ပျူတာ၊ အင်္ဂလိပ်စာနှင့် တရုတ်စာ အရေး၊ အဖတ်၊ အပြောကျွမ်းကျင်ရမည်ဟု ဖော်ပြ၍ လူငယ်များကို ဦးစားပေး အလုပ်ခေါ်ကြသည်ကို တွေ့ရသည်။

လူအများစုက ယင်းကြော်ငြာများကိုကုမ္ပဏီလုပ်ငန်းအလုပ်၊ ရုံးအလုပ်နှင့် ဝန်ဆောင်မှုပေးရသည့်အလုပ်ဟု ယူဆကြပါသည်။ တက်လမ်းကို မျှော်ကိုးတတ်သည့် လူငယ်များအဖို့ ကျားဖြန့်လုပ်ငန်းသည် မြူဆွယ်စရာ အကောင်းဆုံးအလုပ်တစ်ခု ဖြစ်လာခဲ့သည်။ လစာများပြီး ပညာအရည်အချင်းကောင်းကောင်းဖြင့်ခေါ်သည့် အဆိုပါအလုပ်ကို လူငယ်များက စိတ်ဝင်စားလာကြသည်။ အချို့မှာဆွေမျိုးနီးစပ်များကခေါ်၍လည်းကောင်း၊သူငယ်ချင်း မိတ်ဆွေအဆက်အသွယ် များ၊ ပွဲစားများ၏အဆက်အသွယ်များဖြင့်လည်းကောင်း ထိုအလုပ်ကို လုပ်ကိုင်ရန် သွားရောက်ခဲ့ကြသည်။ သွားရောက်သူများ၏ပြောဆိုချက်အရ Online ဂိမ်းကုမ္ပဏီတစ်ခုတွင် အင်္ဂလိပ်လို E-mail ပြန်ပေးရမည့်အလုပ်ကို လုပ်ရမည်ဟုပြောဆို၍ သိကျွမ်းရင်းနှီးသူ မိတ်ဆွေမှ လာရောက်ခေါ်သဖြင့်

သမ္မာအာဇီဝအလုပ်ဟု ထင်မြင်ခဲ့ကြောင်း၊ သို့ရာတွင် အွန်လိုင်းမှတစ်ဆင့် လူများအား ငွေလိမ်ရသည့် အလုပ်ဖြစ်နေကြောင်းဖြင့် ၎င်း၏အတွေ့အကြုံအား ပြန်လည် ပြောပြပါသည်။

ထိုသို့ လိမ်လည်ရာတွင် ၎င်းတို့အား ကွန်ပျူတာအသစ်များ ဆင်ထားသော စားပွဲခုံများတွင် နေရာပေးပြီး တစ်ယောက်ကို ကွန်ပျူတာ ၁ လုံး၊ iPhone တံဆိပ်ဖုန်းအသစ် ၂ လုံးစီနှင့် ဆင်းကတ် ၂ ကတ်စီ ထုတ်ပေးကြောင်း၊ ဆင်းကတ်ကို သုံး၍ ဖုန်းတစ်လုံးကို Instagram အကောင့် ၃ ခု၊ WhatsApp နဲ့ Telegram ကဲ့သို့ စကားပြောနိုင်သည့် Social App များကို လိုက်ဖွင့်ကြရကြောင်း၊ ချောမောလှပ၍ ထင်ရှားကျော်ကြားသူမဟုတ်သည့် နိုင်ငံရပ်ခြားက အမျိုးသမီးငယ်လေးများ၏ ပုံများ၊ ဗွီဒီယိုများအားသုံး၍ ဥရောပအပါအဝင် ကမ္ဘာတစ်လွှားက အမျိုးသားများအား အကောင့်အတုဖြင့် အွန်လိုင်းမှတစ်ဆင့် လိမ်လည်သည့်အလုပ်အား လုပ်ရကြောင်း၊ ရှာဖွေထားသည့် ဓါတ်ပုံပိုင်ရှင်နှင့်အသက်တူသော နောက်ထပ်၎င်း၏မွေးနေ့၊ နေရပ်၊ အလုပ်အကိုင်နှင့် ဝါသနာများကို စုစည်းပြီး ကာရိုက်တာ(ဇာတ်ကောင်)တစ်ခု ဖန်တီးတည်ဆောက်ရကြောင်း၊ ထိုသို့ လိမ်လည်ရန်အတွက် တစ်လခန့်အချိန်ယူပြီး ပြင်ဆင်ခိုင်းကြောင်း၊ လိမ်လည်သည့်အခါတွင် လိမ်လည်သူသည် လိမ်လည်ခံရမည့်တစ်ဖက်လူ နေထိုင်သည့်နိုင်ငံတွင် အတူတူရှိကြောင်း၊ Google မှတစ်ဆင့် Location - တည်နေရာပြောင်း၍ယုံကြည်အောင်ပြောဆိုပြီး ပိပိရိရိနှင့်လိမ်လည်လုပ်ကိုင်ကြရကြောင်း၊ ယုံကြည်အောင်စည်းရုံးရာတွင် ၎င်းက တခြားစီးပွားရေးအနေဖြင့် Cryptocurrency နှင့် Bitcoin ဟု ခေါ်သည့် အွန်လိုင်း ငွေကြေး နှင့် ရှယ်ယာအရောင်းအဝယ်လုပ်သည့် စီးပွားရေးလုပ်ငန်းများလည်းရှိကြောင်း၊ ငွေမည်မျှမြတ်ကြောင်းဖြင့် အယုံသွင်းပြောဆိုကြရကြောင်းကို အဆိုပါလုပ်ငန်းသွားရောက်လုပ်ကိုင်ခဲ့သူများက Interview များမှတစ်ဆင့် ပြန်လည် ပြောပြကြပါသည်။ ရှမ်းပြည်နယ်အတွင်း ကျားဖြန့်ငွေကြေးလိမ်လည်သည့်လုပ်ငန်းအတွက် လူကုန်ကူးခံရသည့်ဖြစ်စဉ်များလည်းရှိပြီး မြန်မာပြည်တွင်းမှလူငယ်များသာမက ထိုင်း၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံသားများလည်း ပါဝင်နေပါသည်။

ထိုသို့“ကျားဖြန့်”လုပ်ငန်းသွားရောက်လုပ်ကိုင်ခဲ့ရသည့်နေရာသည် မြို့ထဲနှင့် အတော်အတန်ဝေးသည့် ၅ ထပ်တိုက် အဆောင် ၃ ခုရှိသော ဝင်းအကျယ်ကြီးဖြစ်ကြောင်း၊ ထိုဝင်းကြီးအား

၁၂ ပေ လောက်မြင့်သည့် သံခြံစည်းရိုးပတ်ပတ်လည် ကာရံထားသည့်အပြင် သံဆူးကြိုးနှင့်လည်း ကာရံထားကြောင်း၊လက်နက်ကိုင်အစောင့်များလည်း လေးဖက်လေးတန် စောင့်ဆိုင်းနေကြကြောင်း၊ ထွက်ပြေးရန် မည်သို့မျှမဖြစ်နိုင်ကြောင်း၊ ၎င်းတို့ကိုအပြင်ပေးမထွက်ဘဲ ပိတ်လှောင်ထားပြီး အလုပ်လုပ်ခိုင်းထားကြောင်းဖြင့် " ၎င်းတို့ တွေ့ကြုံခဲ့သည်များအား ဆို့ဆို့နင့်နင့် ပြန်လည်ပြောပြကြသည်။ အမျိုးသမီးငယ်များမှာ တစ်ဖက်လိမ်ရမယ့်သူကို Sex Chat ပေးရခြင်း ၊ လိင်ပိုင်းဆိုင်ရာ ဓာတ်ပုံပြရခြင်းများအထိလုပ်ကိုင်ရကြောင်း၊ တစ်ချို့မိန်းခလေးများကို တရုတ်သူဌေးများက ဒုတိယဇနီးမယားပုံစံဖြင့်ခေါ်ပြီး လိင်ပိုင်းဆိုင်ရာဖျော်ဖြေရကြောင်းဖြင့် အခြေအနေဆိုးများကို ရင်ဆိုင်ရသည်ဟု သိရသည်။

ပွဲစား သို့မဟုတ် လူကုန်ကူးသူများ၏ ဆွဲဆောင်ပြောဆိုမှုကြောင့် ရန်ကုန်၊ မန္တလေး မြို့ကြီးများ အပါအဝင် ဒေသတော်တော်များများတွင် လူငယ်အများစုသည် ထိုနေရာများတွင် ရောင်းစားခံရခြင်း၊ အဓမ္မအလုပ်ခိုင်းစေခိုင်းခံရခြင်းနှင့် တင်းကျပ်သော စာချုပ်စည်းကမ်းချက်များဖြင့် ပြန်လမ်းမဲ့လုပ်ကိုင်နေကြရကြောင်း ထိုငွေလိမ်ဂိုဏ်းများတွင် အလုပ်လုပ်ကိုင်နေသူများက ပြောပြကြပါသည်။ တချို့အလုပ်များသည် ညအချိန်မတော်မှ နေရာပြောင်းခေါ်သွားသော ကြောင့် မည်သည့်နေရာတွင် အလုပ်လုပ်ရမည်ဆိုသည်ကို မသိကြသောသူများရှိကြောင်း၊ တစ်ရက်တွင် အလုပ်ချိန် မနက် ၇ နာရီခွဲမှ ည ၁၂ နာရီခွဲအထိအလုပ်လုပ်ကိုင်ကြရကြောင်း၊ ကွန်ပျူတာနှင့် ဖုန်းရှေ့တွင် နာရီပေါင်းများစွာ တခြားသူများအား ငွေလိမ်ရန်ကြိုးစားနေရသော အလုပ်ကို စိတ်ဓာတ်ကျလာသည်အထိ လုပ်ကိုင်နေကြရကြောင်း၊ ထို့ကြောင့် ထွက်ပြေးနိုင်ရန် အကြိမ်ကြိမ် ကြိုးစားသော်လည်း မအောင်မြင်သော အခြေအနေကများကြောင်း၊ အဆိုပါ လူလိမ်ဂိုဏ်းလုပ်ငန်းများတွင် အလုပ်မလုပ်ချင်၍ ထွက်ပြေးသူများကို ဖမ်းဆီးရိုက်နှက်ခြင်း၊ နှိပ်စက်ခြင်း၊ ဒဏ်ခတ်ခြင်း၊ ကျဉ်စက်များဖြင့် ထိုးခြင်း၊ အစာမကျွေးဘဲထားခြင်း၊ တစ်နေရာမှတစ်နေရာ အပြောင်းအရွှေ့တွင်လည်း ညအချိန်မတော်ပြောင်းရွှေ့ခြင်းများကို လုပ်လေ့ရှိသည်ဟု သိရှိရသည်။

သို့ဖြစ်၍ တရုတ်သံရုံး၏သတင်းထုတ်ပြန်ချက်အရ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍ ဩဂုတ်လ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင်ပြုလုပ်ခဲ့သောအစည်းအဝေးတွင် ဒေသအတွင်း အွန်လိုင်းဖြင့် ငွေလိမ်လည်မှု၊ လူကုန်ကူးမှု၊ ပြန်ပေးဆွဲမှုများကို ပြတ်ပြတ်သားသားနှိမ်နင်းမည်ဟု ဆုံးဖြတ်ခဲ့ကြကြောင်း ဖော်ပြထားပါသည်။ ယင်းသို့ဖြင့် Online လိမ်လည်မှု 'ကျားဖြန့်' လုပ်ငန်းလုပ်ကိုင်သော တရုတ်နိုင်ငံသား ၁၂၀၀ ကျော်ကို 'ဝ' ပြည်ရဲတပ်ဖွဲ့က ဖမ်းဆီးပြီး တရုတ်နိုင်ငံသို့ ပြန်လွှဲခဲ့သည်။ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရ၏ စက်တင်ဘာလ ၈ ရက်နေ့ ထုတ်ပြန်ချက်အရ ကျားဖြန့်လုပ်ငန်းလုပ်ကိုင်သူများသည် 'ဝ' ပြည်မိုင်းပေါက်မြို့မှဟုသိရပြီး စုစုပေါင်း ၁၂၀၇ ဦး ရှိပါသည်။ ယင်းမတိုင်မီ ဩဂုတ်လနောက်ဆုံးပတ်ကတည်းက ကျားဖြန့်လုပ်ငန်းလုပ်ကိုင်သူ အချို့ကို မကြာခဏဖမ်းဆီးမှုများ စတင်ပြုလုပ်ခဲ့ကြပါသည်။ မိုင်းပေါက်မြို့သို့ ဝင်ရောက်ဖမ်းဆီးမှု နောက်ပိုင်း စက်တင်ဘာလတွင်လည်း တရုတ်နိုင်ငံနယ်စပ်မူဆယ် မြို့တွင် မြန်မာ့တပ်မတော်က ကျားဖြန့်လုပ်ငန်းများကို ဝင်ရောက်ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့ပါသည်။

သို့ရာတွင် နိုင်ငံတော်နှင့်ပြည်သူများ ပူးပေါင်း၍ ဥပဒေနှင့်အညီ ဝင်ရောက်ဖမ်းဆီးမှုများ ပြုလုပ်နေသော်လည်း ကျားဖြန့်လုပ်ငန်းများသည် အပြီးတိုင်နှိမ်နင်းနိုင်မှု မရှိသေးသောကြောင့် လူငယ်များအနေဖြင့် ကျားဖြန့်လုပ်ငန်း၏ အန္တရာယ်စက်ကွင်းမှ သတိပြုရှောင်ကြဉ်နိုင်ရန်အတွက် အသိပေးဖော်ပြအပ်ပါသည်။

ဒေါ်အိဝင့်မျိုးငွေး
လက်ထောက်ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲ၊
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊
ဥပဒေရေးရာဝန်ကြီးဌာန

Sources: https://www.bbc.com/burmese/burma-60096423

https://www.nmg-news.net/2023/02/06/23634

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၀) ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

